


VOLUME II, ISSUE 5 18 July 2022



| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan သမ္မတနှင့်တွေ့ဆုံဆွေးနွေး | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ PJSC “Tatneft” ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေး၊ Kazan Hi-Technology Park သို့ သွားရောက်လေ့လာ | ၄ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ Kazan Federal University သို့ သွားရောက်လေ့လာ | ၅ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး | ၆ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံ နှင့် HIMGRAD Industrial Complex တို့သို့ လေ့လာကြည့်ရှု | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University သို့ သွားရောက်လေ့လာ | ၁၄ |
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Novosibirsk State University နှင့် Higher Military Command School တို့သို့ သွားရောက်လေ့လာ | ၁၇ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ | ၂၁ |
| ၉ | ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးရှိ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် နယ်မြေခံ တပ်နယ်မှ အရာရှိစစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ | ၂၄ |
| ၁၀ | Mr. Peter Vowles ၏ တွစ်တာစာမျက်နှာ၌ ရေးသားချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းတုံ့ပြန် | ၂၇ |
| ၁၁ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အင်ဂျင်နီယာပညာရေး အသိအမှတ်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ (၂၀၂၂) အခမ်းအနားတက်ရောက် | ၂၈ |
| ၁၂ | ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက် | ၂၉ |
| ၁၃ | ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတက်ရောက် | ၃၀ |
| ၁၄ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၃၂ |
| ၁၅ | ပြည်လမ်းနှင့် ဗားကရားလမ်းထောင့်၊ မြေနီကုန်းခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းကင်းရုံအား PDF အကြမ်းဖက်သမားများက လက်ပစ်ဗုံးများဖြင့် လာရောက်ပစ်ခတ် | ၃၃ |
| ၁၆ | ခရီးသည်မော်တော်ယာဉ်များအား PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက် | ၃၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇ | ဆားလင်းကြီးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား မီးရှို့ဖျက်ဆီး | ၃၆ |
| ၁၈ | PDF အကြမ်းဖက်သမားများက မုံရွာ-မန္တလေး ကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးအား လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ် | ၃၇ |
| ၁၉ | ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲမှ ငွေကျပ်သိန်း ၁,၃၅၀ ခန့်အား အမျိုးသား ၂ ဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင် | ၃၈ |
| ၂၀ | အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား ဦးဆောင်သူတရားခံ ၃ ဦးအား ဖမ်းဆီးရမိ | ၃၉ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan သမ္မတနှင့်တွေ့ဆုံဆွေးနွေး



ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူးဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁၃ ရက်တွင် Republic of the Tatarstan၊ ကာဇန်မြို့၊ ကာဇန်လေဆိပ်သို့ရောက်ရှိကြရာ Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် တာဝန်ရှိသူတို့က ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့သည် သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ တက်ရောက်လာကြသည့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြန်အလှန်မိတ်ဆက်ပေးပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြရာ ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးဆိုင်ရာများ၊ Republic of the Tatarstan သမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ ယခုနှစ်ဧပြီလတွင်ရောက်ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ နှစ်ဦးနှစ်ဖက်ဆက်ဆံမှုတိုးမြှင့်ရေးအတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ထိန်းသိမ်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား Republic of the Tatarstan သမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အတူတကွညစာသုံးဆောင်ခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် စစ်ဘက်နယ်ဘက်၊ အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး Republic of the Tatarstan သမ္မတနှင့်အတူ ဝန်ကြီးများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၇-၂၀၂၂)**



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့ သီးသန့်တွေ့ဆုံဆွေးနွေးနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား Republic of the Tatarstan သမ္မတက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်နေမှု

- **နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးဆိုင်ရာများ၊ Republic of the Tatarstan သမ္မတ အနေဖြင့် မြန်မာနိုင်ငံသို့ ယခုနှစ်ဧပြီလတွင်ရောက်ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတည် ဆောက်ခြင်း၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေ အနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**



နိုင်ငံတော်ဝန်ကြီးချုပ်က Republic of the Tatarstan သမ္မတ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားနေမှု



Republic of the Tatarstan မှ ရိုးရာတေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ ယဉ်ကျေးမှုအကအလှများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်နေမှု



နိုင်ငံတော်ဝန်ကြီးချုပ်က Republic of the Tatarstan မှ ရိုးရာတေးဂီတအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ PJSC “Tatneft” ကုမ္ပဏီအမှုဆောင် အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေး၊ Kazan Hi-Technology Park သို့ သွားရောက်လေ့လာ






ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၃ ရက်တွင် Republic of the Tatarstan၊ ကာဇန်မြို့ရှိ PJSC “Tatneft” ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး Kazan Hi-Technology Park သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား PJSC “Tatneft”ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV (နာအီးလ်အူဖာသောဗစ်ချ်မာဂါနော့ဗ်)နှင့် တာဝန်ရှိသူတို့က ကုမ္ပဏီ၏သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့မှု၊ စက်ရုံနှင့် လုပ်ငန်းခွဲစက်ရုံများထုတ်လုပ်ဆောင်ရွက်နေမှုအခြေအနေများ၊ လောင်စာဆီအပြင် ရေနံမှထုတ်လုပ်သည့် အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နေသည့် အခြေအနေများ၊ နိုင်ငံအဝန်းသို့ လောင်စာဆီများတင်ပို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုမ္ပဏီ၏လုပ်ငန်းလည်ပတ်နေမှုလုပ်ငန်းစဉ်များအား ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် Republic of the Tatarstan သမ္မတအထူးဧည့်ဂေဟာဧည့်ခန်းမဆောင်၌ powerpoint presentation များနှင့်တကွ လာရောက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ လောင်စာဆီလိုအပ်ချက်နှင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ “Tatneft” ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်မည့်အခြေအနေများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကိုအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကို ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Kazan Hi-Technology Park(IT Park)သို့ ရောက်ရှိကြရာ IT Park မှ ဌာနအလိုက် တာဝန်ရှိသူများက Kazan Hi-Technology Park (IT Park)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘာသာရပ်ဆိုင်ရာသင်ကြားလေ့ကျင့်ပေးနေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မှုအခြေအနေများ၊ လိုအပ်သည့်နည်းပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေများ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် Smart House နည်းပညာအပါအဝင် လုံခြုံရေး၊ ထိန်းချုပ်ရေးတို့နှင့် အခြားနည်းပညာရပ်ပိုင်းဆိုင်ရာများတပ်ဆင်မှုများကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို Powerpoint Presentation များဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၇-၂၀၂၂)**



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ Kazan Hi-Technology Park (IT Park) အတွင်း လှည့်လည်ကြည့်ရှုနေမှု

- နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား PJSC “Tatneft” ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV နှင့် တာဝန်ရှိသူတို့က ကုမ္ပဏီ၏သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့မှု၊ စက်ရုံနှင့် လုပ်ငန်းခွဲစက်ရုံများထုတ်လုပ်ဆောင်ရွက်နေမှုအခြေအနေများ၊ လောင်စာဆီအပြင် ရေနံမှထုတ်လုပ်သည့် အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နေသည့် အခြေအနေများ၊ နိုင်ငံအဝန်းသို့ လောင်စာဆီများ တင်ပို့ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်နေမှုလုပ်ငန်းစဉ်များအား powerpoint presentation များနှင့်တကွ ရှင်းလင်းတင်ပြခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ လောင်စာဆီလိုအပ်ချက်နှင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ “Tatneft” ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည့်အခြေအနေများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကို ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ Kazan Federal University သို့ သွားရောက်လေ့လာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၃ ရက်တွင် Republic of the Tatarstan ၊ ကာဇန်မြို့ရှိ Kazan Federal University သို့ သွားရောက်လေ့လာခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည်-

- Kazan Federal University(Kazan State University)သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် Mr.Timirkhan Alishev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်



**နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား Kazan Federal University(Kazan State University)တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြနေမှု**

ကြပြီး တက္ကသိုလ်အတွင်းလှည့်လည်၍ Meeting Hall များ၊ စာသင်ခန်းမများ၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပါမောက္ခများ၊ ထူးချွန်သူများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိမှုများ၊ တက္ကသိုလ် သမိုင်းအကျဉ်း၊ ဌာနအလိုက်ဖွဲ့စည်းထားရှိမှုများ၊ တက္ကသိုလ် မှ သင်ကြားပေးနိုင်သည့်ဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် နေထိုင်စားသောက်မှု အဆင်ပြေစေ ရေးစီစဉ်ဆောင်ရွက်ပေးထားရှိမှုများ၊ နိုင်ငံခြားမှ ပညာတော် သင်ကျောင်းသား၊ ကျောင်းသူများ လက်ခံထားရှိမှုအခြေ အနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည် များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့။

- တက္ကသိုလ်မှဒုတိယပါမောက္ခချုပ်နှင့် နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် အမှတ် တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး နောက် Kazan Federal University အတွင်း လှည့်လည် ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန် ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီးဒေါ် ကြူကြူလှနှင့်အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုး သမီးအရာရှိများသည်လည်း ကာဇန်မြို့ရှိ အထင်ကရနေရာ များသို့ သွားရောက်လေ့လာကြည့်ရှုခဲ့။

Kazan Federal University ကို Imperial Kazan တက္ကသိုလ်အဖြစ် ၁၈၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထင်ရှားကျော်ကြားသည့် နက္ခတ္တဗေဒပညာရှင် Nikolai Ivanovich Lobachevsky က ၁၈၃၇ မှ ၁၈၄၆ ခုနှစ်အထိ ပါမောက္ခ ချုပ်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အော်ဂဲနစ်ဓာတုဗေဒပညာ ရပ်နှင့် Electron Spin Resonance အား ရှာဖွေတွေ့ရှိရာ နေရာ အဖြစ် ထင်ရှားကျော်ကြားခဲ့ကြောင်း၊ Kazan တက္ကသိုလ်သည် ၂၀၁၁ ခုနှစ်တွင် Federal အဆင့်သို့ ချီးမြှင့်ခံခဲ့ရပြီး ရုရှားနိုင်ငံ အစိုးရမှ ကျင်းပပြုလုပ်သည့် Project 5-100 ၌ ပါဝင်ခဲ့သည့် တက္ကသိုလ် ၁၈ ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဇီဝဆေး ပညာနှင့် ဆေးဝါးပညာရပ်၊ ရေနံသန့်စင်မှုနှင့် ထုတ်လုပ်မှု ပညာရပ်၊ ဆက်သွယ်ရေးနှင့် အာကာသနည်းပညာဆိုင်ရာ ပညာရပ်နှင့် လူမှုရေးသိပ္ပံပညာရပ်တို့ကို အထူးပြုသင်ကြား လျက်ရှိကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်အရ နိုင်ငံခြားကျောင်းသား အရေအတွက် ၁၀,၀၀၀ ကျော်ရှိခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၇-၂၀၂၂)**





နိုင်ငံတော်ဝန်ကြီးချုပ်အား Kazan Federal University(Kazan State University)တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က
တက္ကသိုလ်အတွင်း လိုက်လံရှင်းလင်းပြသနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Kazan Federal University(Kazan State University)တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်တို့
အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၃ ရက်တွင် Republic of the Tatarstan ၊ ကာဇန်မြို့ရှိ Kazan Federal University သို့ သွားရောက်လေ့လာခဲ့။
- Kazan တက္ကသိုလ်သည် ရုရှားအစိုးရမှ ကျင်းပပြုလုပ်သည့် Project 5-100 ၌ ပါဝင်ခဲ့သည့် တက္ကသိုလ် ၁၈ ခုအနက် တစ်ခုအပါအဝင်ဖြစ်၊ ဇီဝဆေးပညာနှင့် ဆေးဝါးပညာရပ်၊ ရေနံသန့်စင်မှုနှင့် ထုတ်လုပ်မှုပညာရပ်၊ ဆက်သွယ်ရေးနှင့် အာကာသနည်းပညာဆိုင်ရာပညာရပ်နှင့် လူမှုရေးသိပ္ပံပညာရပ်တို့ကို အထူးပြုသင်ကြားလျက်ရှိ၊ ၂၀၂၀ ပြည့်နှစ်အရ နိုင်ငံခြားကျောင်းသားအရေအတွက် ၁၀,၀၀၀ ကျော်ရှိ။

**နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ Kazan Federal University(Kazan State University) တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုနေသည့်မှတ်တမ်းဓာတ်ပုံများ**







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၁၄ ရက်တွင် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglov နှင့် ၎င်းတို့အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင်-

- စိန့်ပီတာစဘတ်မြို့ အခြေစိုက်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်လိုသည့်အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်၊ ပညာရေးနယ်ပယ်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၊ ဘာသာသာသနာထွန်းကားပြန့်ပွားရေးအတွက် ယဉ်ကျေးမှုဖလှယ်ရေးရာနယ်ပယ်စသည်ဖြင့် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ။
- မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်အပြင် ကောင်းမွန်သည့်မူဝါဒများချမှတ်၍ နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေများ၊ စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ။
- state level ၊ regional level ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်မန်းငြိမ်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် စစ်ဘက်၊ နယ်ဘက်မှအရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်တို့တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်အရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၆-၇-၂၀၂၂)**





နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု




နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးခွန်းများကို အတူတကွဖြေကြားနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglov နှင့် ၎င်းတို့အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့။
- စိန့်ပီတာစဘတ်မြို့ အခြေစိုက်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်လိုသည့်အခြေအနေများ။
- စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ။
- state level ၊ regional level ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ PJSC "Kazan Helicopters" ထုတ်လုပ်ရေးအလုပ်ရုံနှင့် HIMGRAD Industrial Complex တို့သို့ လေ့လာကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁၃ ရက်တွင် Republic of the Tatarsan၊ ကာဇန်မြို့ရှိ Kazan Aircraft Production Association နှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား PJSC "Kazan Helicopters" ထုတ်လုပ်ရေးအလုပ်ရုံ မန်နေဂျင်းဒါရိုက်တာ Mr. Vladimir Ginsburg နှင့် တာဝန်ရှိသူများက ရဟတ်ယာဉ်ထုတ်လုပ်မှုအဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က Simulator ဖြင့် ရဟတ်ယာဉ်စမ်းသပ်မောင်းနှင်ခန်း၌ ကိုယ်တိုင်စမ်းသပ်မောင်းနှင်ခဲ့ပါသည်။

အဆိုပါ PJSC "Kazan Helicopters" ထုတ်လုပ်ရေးအလုပ်ရုံသည် ၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကာ ယနေ့အချိန်ကာလအထိ Mi-4၊ Mi-8၊ Mi-14၊ Mi-17 နှင့် Ansat အမျိုးအစား ရဟတ်ယာဉ်ပေါင်း ၁၂,၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ သို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းနှင့် Kazan ရဟတ်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံသည် ၁၉၄၅ ခုနှစ်မှ စတင်ကာ ၂၀၂၀ ပြည့်နှစ်အထိ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်ပေါင်း ၂၇ ခုကျော်ရရှိထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် HIMGRAD Industrial Complex သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက HIMGRAD Industrial Complex အတွင်း လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ကုန်ကြမ်းပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ၊ လျှပ်စစ်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတ်မြေဩဇာနှင့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်နေမှု၊ ဖြန့်ဖြူးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုသည့် UAV ထုတ်လုပ်ရေးအလုပ်ရုံ၊ စစ်ဘက်သုံးသယ်ယူပို့ဆောင်ရေးနှင့် စစ်မြေပြင်သုံးကျည်ကာပို့ဆောင်ရေးယာဉ်၊ အင်ဂျင်များထုတ်လုပ်ထားရှိမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတ်မြေဩဇာထုတ်လုပ်သည့် Organic plant သို့ ရောက်ရှိလေ့လာခဲ့ပြီးနောက် ညပိုင်းတွင် တာတာစတန်



**နိုင်ငံတော်ဝန်ကြီးချုပ်က PJSC "Kazan Helicopters" ထုတ်လုပ်ရေးအလုပ်ရုံ၌ Simulator ဖြင့် ရဟတ်ယာဉ်အား ကိုယ်တိုင်စမ်းသပ်မောင်းနှင်နေမှု**

ပြည်နယ်၊ ကာဇန်မြို့၊ ကာဇန်လေဆိပ်မှတစ်ဆင့် စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ တာတာစတန်ပြည်နယ်မှ တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် စိန့်ပီတာစဘတ်မြို့ ပူကောဗာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၇-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါ၍ Republic of the Tatarsan၊ ကာဇန်မြို့ရှိ Kazan Aircraft Production Association နှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာကြည့်ရှုခဲ့။**
- **Kazan ရဟတ်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံသည် ၁၉၄၅ ခုနှစ်မှ စတင်ကာ ၂၀၂၀ ပြည့်နှစ်အထိ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်ပေါင်း ၂၇ ခုကျော် ရရှိထားပြီးဖြစ်။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် UAV ထုတ်လုပ်ရေးအလုပ်ရုံ၊ စစ်ဘက်သုံးသယ်ယူပို့ဆောင်ရေးနှင့် စစ်မြေပြင်သုံးကျည်ကာပို့ဆောင်ရေးယာဉ်၊ အင်ဂျင်များထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာခဲ့။**





နိုင်ငံတော်ဝန်ကြီးချုပ် စစ်ဘက်သယ်ယူပို့ဆောင်ရေးနှင့် စစ်မြေပြင်သုံးကျည်ကာပို့ဆောင်ရေးယာဉ်၊ အင်ဂျင်များထုတ်လုပ်ထားရှိမှုကို ကြည့်ရှုလေ့လာနေမှု




နိုင်ငံတော်ဝန်ကြီးချုပ် HIMGRAD Industrial Complex အတွင်းလုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များမှထုတ်လုပ်ထားသည့် ပစ္စည်းများကို လှည့်လည်ကြည့်ရှုနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးအား စိန့်ပီတာစဘတ်မြို့၊ ပူကောဗာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University သို့ သွားရောက်လေ့လာ



ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁၄ ရက်တွင် စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် အထင်ကရနေရာတစ်ခုဖြစ်သည့် Peterhof (နွေရာသီနန်းတော်)သို့ သွားရောက်လေ့လာခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Polytechnic State University သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး တက္ကသိုလ်အဝန်းအဝိုင်း ပုံစံငယ်များဖြင့် အဆောက်အဦနေရာချထားမှုအခြေအနေများ၊ ဘာသာရပ်အလိုက် သင်ကြားနိုင်သည့်အခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ပါမောက္ခချုပ်က သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နည်းပညာတက္ကသိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်လိုသည့်အခြေအနေများ၊ ၂၀၀၆ ခုနှစ်အထိ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားများ စေလွှတ်ဆောင်ရွက်ခဲ့မှုကိုအခြေခံ၍ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်လိုသည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

အဆိုပါရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် လက်ရှိပညာတော်သင်သင်တန်းသားအရာရှိ အများအပြားတက်ရောက်လျက်ရှိသည့် အခြေအနေများနှင့် Polytechnic State University သို့လည်း သင်တန်းသားများ စေလွှတ်သင်ကြားသွားမည်ဖြစ်သည့်အခြေအနေများ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Polytechnic State University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်မှ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသည့် ကုန်းရေနှစ်သွယ်သွားရေယာဉ်၏ စွမ်းဆောင်နိုင်မှုများ၊ ကွန်ပျူတာအလုံးရေ တစ်သောင်းကျော်၏ စွမ်းဆောင်ရည်နှင့်ညီမျှသည့် Super Computer အသုံးပြု၍ တွက်ချက်မှုမှန်သမျှကို လုပ်ဆောင်နိုင်သည့်အခြေအနေများနှင့် သတ္တုထုတ်လုပ်မှုအလုပ်ရုံတို့ လုပ်ဆောင်နိုင်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Peterhof (နွေရာသီနန်းတော်)သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပါသည်။



နိုင်ငံတော်ဝန်ကြီးချုပ်အား စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University မှ ပါမောက္ခချုပ်က တက္ကသိုလ်အဝန်းအဝိုင်းပုံစံငယ်များဖြင့် အဆောက်အဦနေရာချထားမှုအခြေအနေများကိုရှင်းလင်းတင်ပြနေမှု

အဆိုပါနန်းတော်ကြီးကို ဆွီဒင်နိုင်ငံနှင့် ရုရှားနိုင်ငံကြား စစ်ပွဲတွင် ရုရှားက အနိုင်ရရှိပြီးနောက် ရုရှားနိုင်ငံ၏ အင်အားကြီးမားကြောင်းကို ပြသရန်အတွက် အချိန် ၁၀ နှစ်တိတိ ဆောက်လုပ်ခဲ့ကြောင်း၊ ၁၉၉၀ ခုနှစ်တွင် သမိုင်းဝင်နေရာတစ်ခုအဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုခဲ့ကြောင်း၊ ရေပန်းရုပ်တုများနှင့် ရေပန်းပေါင်း ၁၇၃ ခုရှိပြီး ရွှေရောင်ရုပ်တုကြီးများကို အသက်ဝင်လှုပအောင် ထုလုပ်ထားကြောင်း၊ ဘုရင်ကြီး ပီတာအနေဖြင့် နန်းတော်ကြီးကို နွေရာသီသုံးနန်းတော်အဖြစ် အသုံးပြုခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် နန်းတော်နှင့် ပန်းခြံအတွင်းရှိ ရေပန်းများကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ပိုမိုကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်းနှင့် အဆိုပါနန်းတော်ကြီးကို နွေရာသီရောက်မှသာလျှင် ဖွင့်လှစ်ပြသလေ့ရှိကြောင်း သိရှိရပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများ၏ဇနီးများနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီးအရာရှိများသည်လည်း စိန့်ပီတာစဘတ်မြို့ရှိ ပါလီမန်အဆောက်အဦ၊ Onegin ပန်းချီအရောင်းဆိုင်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၆-၇-၂၀၂၂)**

- **နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၄ ရက်တွင် စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် Peterhof (နွေရာသီ နန်းတော်)တို့သို့ သွားရောက်လေ့လာခဲ့။**
- **နိုင်ငံတော်ဝန်ကြီးချုပ်က စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University သို့ သင်တန်းသားများ စေလွှတ်သင်ကြားသွားမည်ဖြစ်သည့်အခြေအနေများ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့။**




နိုင်ငံတော်ဝန်ကြီးချုပ်အား စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University မှ ပါမောက္ခချုပ်က တက္ကသိုလ်တွင်
ဘာသာရပ်အလိုက်သင်ကြားနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University မှ ပါမောက္ခချုပ်တို့
အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်နေမှု



နိုင်ငံတော်ဝန်ကြီးချုပ် Peterhof(နွေရာသီနန်းတော်)တွင် လှည့်လည်ကြည့်ရှုလေ့လာနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Novosibirsk State University နှင့် Higher Military Command School တို့သို့ သွားရောက်လေ့လာ



ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၆ ရက်တွင် စိန့်ပီတာစဘတ်မြို့၊ ပူကောဗာအပြည်ပြည်ဆိုင်ရာလေဆိပ်မှတဆင့် Novosibirsk မြို့၊ Tolmachevo လေဆိပ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Novosibirsk State University သို့ရောက်ရှိကြရာ တက္ကသိုလ်မှ ပါမောက္ခချုပ် Dr. Mikhail Petrovich Fedoruk နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သိပ္ပံနှင့်နည်းပညာဘာသာရပ်အလိုက် သုတေသနတွေ့ရှိချက်ဆိုင်ရာပြခန်းများ၊ ဓါတုဗေဒ၊ ရူပဗေဒ၊ အသုံးချသင်္ချာနှင့် သတင်းအချက်အလက်နည်းပညာဘာသာရပ်၊ ဇီဝဗေဒ၊ ဘူမိဗေဒဆိုင်ရာဖော်ထုတ်တွေ့ရှိချက်များ၊ ခေတ်မီနည်းပညာဖြင့် နောင်တစ်ချိန် ကမ္ဘာပေါ်တွင်ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများကို ကြိုတင်တွက်ချက်ထားရှိမှုဖော်ထုတ်ချက်များ၊ ဓာတ်ခွဲခန်းသုတေသနခန်းနှင့် စာသင်ခန်းများကို လှည့်လည်ရှင်းလင်းပြသခဲ့ကြပါသည်။

တက္ကသိုလ်အစည်းအဝေးခန်းမတွင် Novosibirsk State University ၏ စာပေသင်ကြားပို့ချပေးနေမှုဆိုင်ရာ Video File ကို ဖွင့်လှစ်ပြသခဲ့ပြီး ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာအချက်အလက်များ၊ နိုင်ငံခြားသင်တန်းသားများကို လက်ခံသင်ကြားပေးနေမှုများ၊ အဆင့်မြင့်ဘွဲ့လွန်ပညာသင်တန်းများ၏သင်ရိုးညွှန်းတမ်းအလိုက် သင်ကြားဆောင်ရွက်မှုအစီအစဉ်များ၊ ကျောင်းသားကျောင်းသူများ နေထိုင်ရေးအတွက် အဆောင်နှင့် အားကစားရုံများထည့်သွင်းတည်ဆောက်ထားရှိမှုများ၊ မြန်မာနိုင်ငံမှ ကျောင်းသူကျောင်းသားများ လာရောက်တက်ရောက်မည်ဆိုပါကလည်း အသင့်ကြိုဆိုမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများအား စိစစ်ရွေးချယ်မှုအတွက် အရည်အချင်းသတ်မှတ်ချက်များ၊ မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက်သင်တန်းသားများ စေလွှတ်တက်ရောက်ပညာသင်ကြားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Higher Military Command School သို့ သွားရောက်လေ့လာကြည့်ရှုကြရာ





နိုင်ငံတော်ဝန်ကြီးချုပ် Novosibirsk State University ရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာနေမှု

ကျောင်းအုပ်ကြီး Major General Markochin Segeri Gregorivich နှင့် တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းအတွင်းရှိ လက်နက်ငယ်ပစ်ခတ်မှု Simulator ခန်းမ၌ သင်တန်းသားများ ပစ်ခတ်စည်လေ့ကျင့်နေမှုများနှင့် ရုရှားတပ်မတော်မှ ထုတ်လုပ်ထားသည့် လက်နက်များနှင့် လက်နက်ချိန်ဆိုဒ်များကို ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားတပ်မတော်တွင် နှစ်ပေါင်း ၈၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ရုရှားတပ်မတော်ထုတ် သမိုင်းဝင်လက်နက်ချိန်ဆိုဒ်ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်ခဲ့ပါသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Novosibirsk မြို့ အစိုးရအဖွဲ့အကြီးအကဲက တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၇-၇-၂၀၂၂)**

- **နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား Novosibirsk State University မှ တာဝန်ရှိသူများက တက္ကသိုလ်ဆိုင်ရာအချက်အလက်များ၊ နိုင်ငံခြားသင်တန်းသားများကို လက်ခံသင်ကြားပေးနေမှုများ၊ အဆင့်မြင့်ဘွဲ့လွန်ပညာသင်တန်းများ၏ သင်ရိုးညွှန်းတမ်းအလိုက် သင်ကြားဆောင်ရွက်မှုအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့။**
- **နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် Higher Military Command School အတွင်းရှိ လက်နက်ငယ်ပစ်ခတ်မှု Simulator ခန်းမ၌ သင်တန်းသားများ ပစ်ခတ်စည်လေ့ကျင့်နေမှုများနှင့် ရုရှားတပ်မတော်မှ ထုတ်လုပ်ထားသည့် လက်နက်များနှင့် လက်နက်ချိန်ဆိုဒ်များကို ကြည့်ရှုလေ့လာခဲ့။**



နိုင်ငံတော်ဝန်ကြီးချုပ်အား Novosibirsk State University မှ ပါမောက္ခချုပ်က စာပေသင်ကြားပို့ချပေးနေမှုဆိုင်ရာ Video File ကို ဖွင့်လှစ်ပြသနေမှု



နိုင်ငံတော်ဝန်ကြီးချုပ် Higher Military Command School ရှိ ရုရှားတပ်မတော်မှထုတ်လုပ်ထားသည့် လက်နက်များနှင့် လက်နက်ချိန်ဆိုဒ်များကို ကြည့်ရှုလေ့လာနေမှု



နိုင်ငံတော်ဝန်ကြီးချုပ် Higher Military Command School ရှိ နိုင်ငံတော်အတွက် အသက်စွန့်လွှတ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်ထုများအား ဂုဏ်ပြုပန်းခြင်းဖြင့်အလေးပြုနေမှု



နိုင်ငံတော်ဝန်ကြီးချုပ် Higher Military Command School ရှိ Simulator ခန်းမအတွင်း လက်နက်ငယ်စမ်းသပ်ပစ်ခတ်နေမှုအား ကြည့်ရှုလေ့လာနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားတပ်မတော်တွင် နှစ်ပေါင်း ၈၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ရုရှားတပ်မတော်ထုတ်သမိုင်းဝင်လက်နက်ချိန်ဆိုဒ်ကို အမှတ်တရလက်ဆောင်ပေးအပ်နေမှု



နိုင်ငံတော်ဝန်ကြီးချုပ်က Higher Military Command School ကျောင်းအုပ်ကြီးအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Novosibirsk မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၆ ရက်တွင် Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရာတွင်-

- Novosibirsk ဒေသ၏ ပထဝီဆိုင်ရာအချက်အလက်များအရ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်များ အပြန်အလှန်တင်ပို့ဆောင်ရွက်နိုင်မည့် အခြေအနေများ။
- ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ Novosibirsk နှင့် မြန်မာနိုင်ငံ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲပျံသန်းနိုင်မည့်အခြေအနေများ။
- Novosibirsk ဒေသတွင် နယ်ပယ်ကဏ္ဍအသီးသီးမှ အဆင့်မြင့်တက္ကသိုလ်ပေါင်း ၂၂ ခု ရှိပြီး နိုင်ငံခြားသားသင်တန်းသားများကိုပါ လက်ခံသင်ကြားပေးလျက်ရှိသည့်အတွက် ပညာရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပမည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့စေလွှတ်ပေးနိုင်ရေးနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍအတွက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အခြေအနေများ။
- ယဉ်ကျေးမှုနယ်ပယ်တွင်လည်း အပြန်အလှန်ဖလှယ်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စစ်ဘက်၊ နယ်ဘက်ကဏ္ဍပေါင်းစုံ၌ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည်လည်း Novosibirsk မြို့ Marriott Hotel အနီးရှိ ကမ္ဘာ့အကြီးဆုံး ပြဇာတ်ရုံများအနက်တစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre သို့ ရောက်ရှိလေ့လာကြရာ ပြဇာတ်ရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပြဇာတ်ရုံဆိုင်ရာ အချက်အလက်များအား လိုက်လံရှင်းလင်းပြသခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၆ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာလုဂါပြည်နယ်၊ အတာနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်း



**နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ကမ္ဘာ့အကြီးဆုံးပြဇာတ်ရုံများအနက်တစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre တွင် လှည့်လည်ကြည့်ရှုလေ့လာနေမှု**

ခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားပြုလုပ်ခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၇-၂၀၂၂)**

- **တွေ့ဆုံဆွေးနွေးမှုတွင် Novosibirsk ဒေသ၏ ပထဝီဆိုင်ရာအချက်အလက်များအရ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့စေလွှတ်ပေးနိုင်ရေးနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍအတွက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အခြေအနေများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စစ်ဘက်၊ နယ်ဘက်ကဏ္ဍပေါင်းစုံ၌ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**







နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk မြို့ Tolmachevo လေဆိပ်၌ Novosibirsk အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ Higher Military Command School ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်နေမှု




နိုင်ငံတော်ဝန်ကြီးချုပ်အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်နေမှု

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးရှိ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် နယ်မြေခံတပ်နယ်မှ အရာရှိစစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ခန္တီးမြို့၊ တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်နေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဇူလိုင်လ ၁၃ ရက်တွင် ခန္တီးမြို့သို့လည်းကောင်း၊ ဇူလိုင်လ ၁၄ ရက်တွင် လဟယ်မြို့သို့လည်းကောင်း၊ ဇူလိုင်လ ၁၅ ရက်တွင် ဟုမ္မလင်းမြို့သို့လည်းကောင်း၊ ဇူလိုင်လ ၁၆ ရက်တွင် မုံရွာမြို့နှင့် စစ်ကိုင်းမြို့သို့လည်းကောင်း သွားရောက်၍ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ တာဝန်ရှိသူများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန္တီးမြို့၊ လဟယ်မြို့နှင့် ဟုမ္မလင်းမြို့တို့ရှိ နယ်မြေခံတပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကား ပြောကြားကာ တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန္တီးမြို့၊ ပြည်သူ့ဆေးရုံကြီးနှင့် ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူနေကြသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး လဟယ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေး ပညာသင်တန်းကျောင်း၌ သင်တန်းသူများချုပ်လုပ်ထားသော အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၈-၇-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခန္တီးမြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးအခြေအနေကိုမေးမြန်းအားပေးစကားပြောကြားနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဒေသခံတိုင်းရင်းသားတစ်ဦးအား စားသောက်ဖွယ်ရာများပေးအပ်နေမှု

- ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီးရှိ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားကာ လိုအပ်သည်များကိုဆောင်ရွက်ပေးခဲ့ပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး လဟယ်မြို့ရှိ
အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၌ သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက
ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက်  စားသောက်ဖွယ်ရာပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက
ရိုးရာယဉ်ကျေးမှုအဖွဲ့အား စားသောက်ဖွယ်ရာများပေးအပ်နေမှု



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများပေးအပ်နေမှု**

---

## Mr. Peter Vowles ၏ တွစ်တာစာမျက်နှာ၌ ရေးသားချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းတုံ့ပြန်

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ထွက်ခွာရသည့် အကြောင်းရင်းကို ၁၃-၇-၂၀၂၂ ရက်က ၎င်း၏တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြထားမှုသည် မှန်ကန်မှုမရှိသည့်အပြင် ဖြစ်ရပ်မှန်နှင့် ကွဲလွဲလျက်ရှိနေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းတုံ့ပြန်ထားပါသည်။

### ရှင်းလင်းတုံ့ပြန်ချက်

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ထွက်ခွာရသည့် အကြောင်းရင်းကို ၁၃-၇-၂၀၂၂ ရက်က ၎င်း၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြထားမှုသည် မှန်ကန်မှုမရှိသည့်အပြင် ဖြစ်ရပ်မှန်နှင့် ကွဲလွဲလျက်ရှိနေကြောင်း တွေ့ရှိရသည်။

ဗြိတိန်အစိုးရက Mr. Peter Vowles အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ၂၉-၄-၂၀၂၁ ရက်တွင် အဆိုပြုသဖြင့် မြန်မာအစိုးရက ၂၂-၆-၂၀၂၁ ရက်တွင် သဘောတူညီကြောင်း ပြန်ကြားခဲ့သည်။ Mr. Peter Vowles သည် ၂၉-၇-၂၀၂၁ ရက်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ပြီးနောက် သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သူ(Ambassador-Designate)တစ်ဦးအနေဖြင့် သံတမန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်း၏ခန့်အပ်လွှာ မိတ္တူကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ခန့်အပ်လွှာကို နိုင်ငံတော်အကြီးအကဲထံသို့လည်းကောင်း ပေးအပ်ရန်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးပြ၍ ပေးအပ်ရန် ရှောင်လွှဲခဲ့သည်။ သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ဗြိတိန်နိုင်ငံဘက်သို့ Mr. Peter Vowles ၏ ပြည်ဝင်ဗီဇာကို ကန့်သတ်ခဲ့သည်။ ယင်းအခြေအနေတွင် ဗြိတိန်နိုင်ငံဘက်က Mr. Peter Vowles အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအဖြစ် အဆိုပြုထားမှုကို ရုပ်သိမ်းကြောင်းနှင့် ရန်ကုန်မြို့၊ ဗြိတိန်သံရုံး၊ သံရုံးယာယီတာဝန်ခံအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း ပြောင်းလဲအဆိုပြုခဲ့ရာ ၎င်းအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့်အတွက် သံရုံးယာယီတာဝန်ခံ ခန့်အပ်မည်ဆိုပါက ၎င်းအစား အခြားပုဂ္ဂိုလ်တစ်ဦးအား ပြန်လည်အဆိုပြုရန်ဖြစ်ကြောင်း မြန်မာဘက်က အကြောင်းကြားခဲ့သည်။ ယင်းနောက် Mr. Peter Vowles က ၎င်း၏ကိုယ်ပိုင်ပစ္စည်းများကို သိမ်းဆည်းရန်အတွက် ၂၁-၆-၂၀၂၂ ရက်မှ ၁၅-၇-၂၀၂၂ ရက်အထိ မြန်မာနိုင်ငံသို့ဝင်ရောက်လိုကြောင်း ဗြိတိန်ဘက်မှ မေတ္တာရပ်ခံခဲ့မှုကို နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ ယခု Mr. Peter Vowles မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ခြင်းမှာ ၎င်း၏ပြည်ဝင်ဗီဇာ သက်တမ်းမကုန်ဆုံးမီ ထွက်ခွာသွားခြင်းသာဖြစ်သည်။

ယခုကိစ္စတွင် Mr. Peter Vowles အနေဖြင့် ခန့်အပ်လွှာပေးအပ်ခြင်းမပြုဘဲ မြန်မာနိုင်ငံ၌ သံအမတ်ကြီးအဖြစ် လာရောက်နေထိုင်လိုခြင်းဖြစ်ပြီး ဗြိတိန်ဘက်က သံတမန်ကျင့်ထုံး၊ ကျင့်ဝတ်တို့နှင့်အညီ ဆောင်ရွက်မှုမပြုခဲ့ခြင်းသာဖြစ်သည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံအနေဖြင့် သံတမန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်**

**(မြဝတီသတင်းစာ ၁၅-၇-၂၀၂၂)**

- **Mr. Peter Vowles သည် သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူတစ်ဦးအနေဖြင့် သံတမန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်း၏ခန့်အပ်လွှာမိတ္တူကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ခန့်အပ်လွှာကို နိုင်ငံတော်အကြီးအကဲထံသို့လည်းကောင်း ပေးအပ်ရန်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးပြ၍ ပေးအပ်ရန် ရှောင်လွှဲခဲ့။**
- **ယခုကိစ္စတွင် Mr. Peter Vowles အနေဖြင့် ခန့်အပ်လွှာပေးအပ်ခြင်းမပြုဘဲ မြန်မာနိုင်ငံ၌ သံအမတ်ကြီးအဖြစ် လာရောက်နေထိုင်လိုခြင်းဖြစ်ပြီး ဗြိတိန်ဘက်က သံတမန်ကျင့်ထုံး၊ ကျင့်ဝတ်တို့နှင့်အညီ ဆောင်ရွက်မှုမပြုခဲ့ခြင်းသာဖြစ်။**
- **မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံအနေဖြင့် သံတမန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့ရခြင်းဖြစ်။**

---

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အင်ဂျင်နီယာပညာရေး အသိအမှတ်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ (၂၀၂၂)အခမ်းအနားတက်ရောက်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇူလိုင်လ ၁၆ ရက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ အင်ဂျင်နီယာပညာရေး ကော်မတီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပသည့် အင်ဂျင်

နီယာပညာရေးအသိအမှတ်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ (၂၀၂၂)အခမ်းအနားကို Hybrid စနစ်ဖြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ ညီလာခံတွင် "အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာပညာရေးမှသည် အနာဂတ်အင်ဂျင်နီယာပညာရပ်ဆီသို့"ဟူသောခေါင်းစဉ်ဖြင့် ဇူလိုင်(၁၆)ရက်မှ (၁၇)ရက်အထိ (၂)ရက်တာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း (၁၀)နိုင်ငံမှ ဂုဏ်ထူးဆောင်ဟောပြောသူများ တက်ရောက်ဆွေးနွေးပြီး ပြည်တွင်းနည်းပညာတက္ကသိုလ်များရှိ ဆရာ/ ဆရာမများက စာတမ်းများဖတ်ကြားခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၇-၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ အင်ဂျင်နီယာပညာရေးကော်မတီတို့ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပသည့် အင်ဂျင်နီယာပညာရေးအသိအမှတ်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ(၂၀၂၂)အခမ်းအနားကို Hybrid စနစ်ဖြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေ့ခင်းကျင်းပမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် နေ့ခင်းကျင်းပမည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်သည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၅ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက-

- ရွေးကောက်ပွဲတွင် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်မှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်အထိ ၁၈ လတာသတ်မှတ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ပေးရမည့်အရေအတွက် လျာထားသတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း။
- ယခု ၁၅ လကြာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် ၉ ခုသည် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသည်လည်း လုံခြုံရေးကန့်သတ်ချက်အရ နေရာဒေသအနည်းငယ်သာ ဆောင်ရွက်ပေးရန် ကျန်ရှိနေခြင်းဖြစ်ကြောင်း။
- ယခုထပ်မံ၍ ပန်းခင်းစီမံချက်အဆင့် (၂)ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ၁၇ လကြာသတ်

မှတ်၍ ယင်းကာလအတွင်း အသက် ၁၈ နှစ်ပြည့်လာမည့် နိုင်ငံသားများအတွက် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် ဆက်စပ်ဌာနများပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာန၏ နိုင်ငံသားကတ်ထုတ်ပေးမှုနှင့် အိမ်ထောင်စုလူဦးရေစာရင်းသည် အဓိကကျသည့် အထောက်အထား၊ အချက်အလက်များဖြစ်ကြောင်း။
- မိမိတို့ဌာန၊ မြို့နယ်ရုံးများရှိ နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄)မှတ်တမ်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ပါအချက်အလက်များအပေါ် မူတည်၍ ရွေးကောက်ပွဲကော်မရှင်နှင့်ပူးပေါင်းပြီး မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးကာ မှန်ကန်သည့်မဲစာရင်းကို ပြုစုဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံသားနံပါတ်များထပ်ခြင်း၊ မှားခြင်း၊ အိမ်ထောင်စုစာရင်းများကွဲလွဲနေခြင်းတို့အား ဌာန၏လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လုပ်ငန်းအားလုံးသည် သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့။

အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြို့နယ်ရုံးအသီးသီးမှ နိုင်ငံသားကတ်ပြားထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄)မှတ်တမ်းပါ အချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ပါ အချက်အလက်များပေးပို့ပြီးစီးမှုနှင့် e-ID စနစ်လုပ်ငန်း ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်းဆိုင်ရာဖြည့်ဆည်းပေးရန်လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၇-၂၀၂၂)**

- **ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့။**
- **ယခု ၁၅ လကြာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် ၉ ခုသည် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး လုံခြုံရေးကန့်သတ်ချက်အရ နေရာဒေသအနည်းငယ်သာ ဆောင်ရွက်ပေးရန်ကျန်ရှိ။**
- **ထပ်မံ၍ ပန်းခင်းစီမံချက်အဆင့် (၂)ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ၁၇ လကြာသတ်မှတ်၍ ယင်းကာလအတွင်း အသက် ၁၈ နှစ်ပြည့်လာမည့် နိုင်ငံသားများအတွက် လျာထားဆောင်ရွက်သွားမည်ဖြစ်။**

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးတက်ရောက်

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင် (၄)ဦးတို့သည် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး (SEAGF) Council Meeting သို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်-

- ဇူလိုင် ၁၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင် (၁၁) နိုင်ငံမှ ကိုယ်စားလှယ်များကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် SAMDECH AKA MOHA SENA PADEI TECHO HUN




SEN က ကြိုဆိုနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့။

- အာဆီယံအဖွဲ့ဝင် (၁၁) နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပမည့် အားကစားကွင်း/ အားကစားရုံများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့။
- ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင် (၁၁)နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့။
- ဇူလိုင် ၁၂ ရက်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အားကစားနှင့်ဥပဒေရေးရာ ကော်မတီအစည်းအဝေး(SEAGF Sports and Rule Committee Meeting)၊ အားကစားဆေးဘက်ဆိုင်ရာနှင့် တားမြစ်ဆေးဝါးကော်မတီအစည်းအဝေး(SEAGF Medical and Anti-Doping Committee Meeting)၊ အမျိုးသမီးအားကစားကော်မတီအစည်းအဝေး (SEAGF Women in Sports Committee Meeting)၊ သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ရေးအစည်းအဝေး (SEAGF Media and Broadcasting Meeting)များသို့ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး(SEAGF Executive Committee Meeting)သို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့တို့ တက်ရောက်ခဲ့။
- ဇူလိုင် ၁၃ ရက်တွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့။
- ဇူလိုင်လ ၁၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီး၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက တက်ရောက်အမှာစကားပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအဖွဲ့ဝင် (၁၁)နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများအားသတ်မှတ်ခြင်း၊ အားကစားပြိုင်ပွဲဆိုင်ရာစည်းမျဉ်း/ စည်းကမ်းများပြင်ဆင်ရေးဆွဲအတည်ပြုခြင်း၊ နောင် SEA Games ပြိုင်ပွဲများကျင်းပမည့် အိမ်ရှင်နိုင်ငံများ သတ်မှတ်အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၇-၂၀၂၂)**

- ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ် ကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့။
- အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအဖွဲ့ဝင် (၁၁)နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများအား သတ်မှတ်ခြင်း၊ အားကစားပြိုင်ပွဲဆိုင်ရာ စည်းမျဉ်း/ စည်းကမ်းများ ပြင်ဆင်ရေးဆွဲအတည်ပြုခြင်း၊ နောင် SEA Games ပြိုင်ပွဲများ ကျင်းပမည့် အိမ်ရှင်နိုင်ငံများ သတ်မှတ်အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ခဲ့။

## ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားများကိုကျင်းပခဲ့ရာ-

- ဇူလိုင်လ ၁၄ ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၁ ဦးအားလည်းကောင်း၊
- ဇူလိုင်လ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသား ၇ ဦးအားလည်းကောင်း၊
- ဇူလိုင်လ ၁၇ ရက်တွင် မကွေးတိုင်းဒေသကြီး၊ သရက်မြို့မှ PDF အဖွဲ့ဝင် အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အားလည်းကောင်း ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများအသီးသီးပေးအပ်ကာ ၎င်းတို့၏အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီး ဇူလိုင်လ ၁၇ ရက်အထိ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၂၂၀ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၁၈-၇-၂၀၂၂)

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသား ၇ ဦးနှင့် မကွေးတိုင်းဒေသကြီး၊ သရက်မြို့မှ PDF အဖွဲ့ဝင် အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပြီး ဇူလိုင်လ ၁၇ ရက်အထိ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၂၂၀ ဦးရှိပြီဖြစ်။

## ပြည်လမ်းနှင့် ဗားကရားလမ်းထောင့်၊ မြေနီကုန်း ခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းကင်းရုံအား PDF အကြမ်းဖက်သမားများက လက်ပစ်ဗုံးများဖြင့် လာရောက်ပစ်ခတ်



(ဝဲမှယာ) ပပဝင်း(ခ)အေးပြည့်ပြည့်ဇော် (သေဆုံး)၊ စည်သူစိုး၊ ထက်အောင်လင်း၊ ထက်မြတ်အောင်(ဒဏ်ရာရ)



(ဝဲမှယာ) ဝေယံဦး၊ ရဲလင်းအောင်၊ ဝေဖြိုးမောင်၊ မပပ (ဒဏ်ရာရ)



(ဝဲမှယာ) ဖြိုးမွန်နိုင်၊ အိမွန်နိုင်၊ စိုးစန္ဒာဝင်း (ဒဏ်ရာရ)

ဇူလိုင်လ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ပြည်လမ်းနှင့် ဗားကရားလမ်းထောင့်၊ မြေနီကုန်း ခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းကင်းရုံအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက 5 Star CP ကြက်ကြော်ဆိုင်အနီးမှ လက်ပစ်ဗုံး ၃ လုံးဖြင့် မဆင်မခြင်ပစ်ပေါက်၍ ပြည်လမ်းအတိုင်း ထွက်ပြေးသွားခဲ့ပြီး အဆိုပါပစ်ခတ်မှုကြောင့် မအေးပြည့်ပြည့်ဇော် (ခ)ပပဝင်းမှာ သေဆုံးခဲ့ပြီး မောင်ဝေဖြိုးမောင်၊ မောင်ထက်အောင်လင်း၊ မောင်ထက်မြတ်အောင်၊ မောင်စည်သူစိုး၊ ဒေါ်ပပ၊ မစိုးစန္ဒာဝင်း၊ မောင်ဝေယံဦး၊ ဦးရဲလင်းအောင်၊ မဖြိုးမော်နိုင်နှင့် မအိမွန်နိုင်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပါသည်။

အဆိုပါဗုံးစထိမှန်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်နေရာတစ်ဝိုက်အား စစ်ဆေးမှုများဆောင်ရွက်စဉ် လက်ပစ်ဗုံးတစ်လုံးအား ထပ်မံတွေ့ရှိရသဖြင့် အများပြည်သူ

များထိခိုက်မှုမရှိစေရေးအတွက် သက်မဲ့ပြုလုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံရေးအစွန်းရောက် PDF အကြမ်းဖက်အဖွဲ့များ အနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများ နေထိုင်ရာ မြို့ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်အဆောက်အဦများ၊ လမ်းတံတားများအား ဖုံးခွဲတိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ဘာသာရေးအဆောက်အဦများနှင့် ပြည်သူလူထုအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ခြိမ်းခြောက်ခြင်းနှင့် ရက်စက်စွာဖမ်းဆီးသတ်ဖြတ်ခြင်းအပါအဝင် လူစည်ကားသည့် နေရာများတွင် ဆင်ခြင်မဲ့စွာ ဖုံးခွဲခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကို ဆက်တိုက်ကျူးလွန်နေသည့်အပေါ် အများပြည်သူအနေဖြင့် လက်မခံနိုင်ဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိပါသည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား ထိခိုက်ဒဏ်ရာရရှိအောင်လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၇-၂၀၂၂)**

- **ပြည်လမ်းနှင့် ဗားကရားလမ်းထောင့်၊ မြေနီကုန်း ခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းကင်းရုံအား PDF အကြမ်းဖက်သမားများက လက်ပစ်ဗုံးများဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ၁ ဦး သေဆုံးခဲ့ပြီး ၁၀ ဦးမှာ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့။**

---

## ခရီးသည်မော်တော်ယာဉ်များအား PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်

နိုင်ငံရေးအစွန်းရောက် PDF အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ပြည်သူလူထုအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးလျက် စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာမြို့၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများအား အကြောင်းမဲ့ပြုလုပ်ကာ အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်သေကြေနိုင်သည်အထိ အကြမ်းဖက်မှုများအား ကျူးလွန်လျက်ရှိပါသည်-

- ဇူလိုင်လ ၁၂ ရက်တွင် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ရွှေဘို-မြစ်ကြီးနား ကားလမ်းဘေးရှိ ယာဉ်စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုခံယူနေစဉ် PDF အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ကျန်ခရီးသည် ၇ ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့။
- တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ ထားဝယ်မြို့သို့ ဦးအောင်ကိုဦး မောင်းနှင်လာသည့် ရွှေဝယ်မင်း ခရီးသည်တင်မော်တော်ယာဉ်အား ထားဝယ်-မြိတ်သွား ကားလမ်းမိုင်တိုင်အမှတ်(၁၀၁/၁)နှင့် (၁၀၁/၂)အကြား၌ PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်း ၁ လုံး ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းနှင့် ခရီးသည် ၄ ဦး ထိခိုက်ဒဏ်ရာရရှိ၍ မော်တော်ယာဉ်ရှေ့ ဝင်ပေါက်တံခါးမှန်များ မိုင်းစထိမှန်ပျက်စီးခဲ့။

အထက်ပါဖြစ်စဉ်များအားကျူးလွန်ခဲ့သည့် PDF အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၇-၂၀၂၂)**



(ဝဲမှယာ) စောဖြူငွေး (သေဆုံး)၊ မြမြထွေး၊ စိုးစိုးမေ (ဒဏ်ရာရ)



(ဝဲမှယာ) မအေးအေးဖြူ၊မဝင်းဝင်းသန့်၊ခင်နွယ်ဝင်း (ဒဏ်ရာရ)



(ဝဲမှယာ) ငွေးဝင်း၊ လှမင်းဗို၊ သန်းထွန်းမြင့်(ဒဏ်ရာရ)

**PDF အမည်ခံအကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းဖြင့်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည်များ သေဆုံးထိခိုက်ဒဏ်ရာရရှိမှု**






**PDF အမည်ခံအကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းဖြင့်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်ပျက်စီးမှုနှင့် ယာဉ်မောင်း ဦးအောင်ကိုဦးထိခိုက်ဒဏ်ရာရရှိမှု**

- မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်သည် ရွှေဘို-မြစ်ကြီးနား ကားလမ်းဘေးရှိ ယာဉ်စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုခံယူနေစဉ် PDF အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ကျန်ခရီးသည် ၇ ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့။
- ရွှေဝယ်မင်း ခရီးသည်တင်မော်တော်ယာဉ်အား PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်း ၁ လုံး ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ခရီးသည် ၄ ဦး ထိခိုက်ဒဏ်ရာရရှိ၍ မော်တော်ယာဉ်ရှေ့ဝင်ပေါက်တံခါးမှန်များ မိုင်းစထိမှန်ပျက်စီးခဲ့။

## ဆားလင်းကြီးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား မီးရှို့ဖျက်ဆီး



စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၁၃ ရက်တွင် ဆားလင်းကြီးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့သော်လည်း မီးလောင်မှုကြောင့် အဆောက်အဦအတွင်းရှိ မဲရုံသုံးပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပါသည်။

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများသည် အစိုးရအုပ်ချုပ်ရေးယန္တရားများရပ်တန့်စေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၊ အဆောက်အဦများနှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများကို ပြုလုပ်လျက်ရှိသောကြောင့် ပြည်သူလူထုတစ်ရပ်လုံးက ၎င်းတို့ကို ရွံရှာမုန်းတီးလျက်ရှိပါသည်။

သို့ဖြစ်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၄-၇-၂၀၂၂)**

- **ဆားလင်းကြီးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား မီးရှို့ဖျက်ဆီးသွားခဲ့ရာ အဆောက်အဦအတွင်းရှိ မဲရုံသုံးပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့။**

## PDF အကြမ်းဖက်သမားများက မုံရွာ-မန္တလေး ကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးအား လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်


ဝေဖြိုးအောင် (သေဆုံး)


မကြည်ဖြူဝင်း (သေဆုံး)


ဦးမျိုးညွန့် (ဒဏ်ရာရ)


အောင်ဇော်မင်း (ဒဏ်ရာရ)

ဇူလိုင်လ ၁၅ ရက်တွင် ပုလဲမြို့နယ်၊ လက်တောင်းကြီးကျေးရွာနေသူများဖြစ်သည့် ဦးမျိုးညွန့်အပါအဝင် အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁ ဦးတို့သည် အဆိုပါကျေးရွာနေ ဦးကျော်မိုး(၄၅)နှစ် မောင်းနှင်သည့် မော်တော်ယာဉ်ဖြင့် မုံရွာ-မန္တလေး ကားလမ်းအတိုင်း မန္တလေးမြို့သို့ထွက်ခွာလာခဲ့ရာ မြင်းမူမြို့နယ်၊ ငွေးပင်တောကျေးရွာအနီး မုံရွာ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၅၇ မိုင် ၇ ဖာလုံနှင့် ၅၈ မိုင် အကြားအရောက် PDF အကြမ်းဖက်သမား ၂၀ ဦးက လက်လုပ်မိုင်း ၃ လုံးဖြင့် ဖောက်ခွဲကာ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ တို့မှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး အမျိုးသား ၂ ဦးမှာ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ပါသည်။

PDF အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးလျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးကာ ရက်စက်စွာသတ်ဖြတ်ခြင်းများအပြင် လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်းများနှင့် လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်သေကြေနိုင်သည်အထိ အကြမ်းဖက်မှုများအား ကျူးလွန်နေသည့်အပေါ် ပြည်သူလူထုမှ လုံးဝဆန့်ကျင်ရှုတ်ချလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်အားကျူးလွန်ခဲ့သည့် PDF အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၇-၂၀၂၂)**

- **မုံရွာ-မန္တလေး ကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးအား PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ သေဆုံးကာ အမျိုးသား ၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့။**

# ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲမှ ငွေကျပ်သိန်း ၁,၃၅၀ ခန့်အား အမျိုးသား ၂ ဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်






**ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၃၅၀ ခန့်အား ခြိမ်းခြောက်လုယက်ယူဆောင်သွားသည့် အမျိုးသား ၂ ဦး**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲမှ ငွေကျပ်သိန်း ၁,၃၅၀ ခန့်အား အမျိုးသား ၂ ဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်ခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၁၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ ၁၃၃ လမ်းနှင့် ၁၃၄ လမ်းကြား၊ ၇၈ လမ်း၌ ဖွင့်လှစ်ထားသည့် KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲသို့ ဆိုင်ကယ် ၂ စီး မောင်းနှင်လာသည့် အမျိုးသား ၂ ဦး ရောက်ရှိလာပြီး ဘဏ်အတွင်းသို့ဝင်ရောက်ကာ သေနတ်ပြခြိမ်းခြောက်၍ ဘဏ်ကောင်တာအတွင်းထားရှိသည့် ငွေကျပ်သိန်း ၁,၃၅၀ ခန့်အား လုယက်ယူဆောင်ကာ ဘဏ်၌ အသုံးပြုသည့် ကွန်ပျူတာမော်နီတာတစ်လုံးအား ဖိုက်ဘာအရိုး ၂ ပေခန့် တပ်ဆင်ထားသည့် ပုဆိန်ဖြင့် ရိုက်ခွဲဖျက်ဆီးကာ လုံးပတ် ၄ လက်မ၊ အရှည် ၁ ပေခန့်ရှိ PVC ပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား မှန်ကောင်တာပေါ်တင်၍ ၎င်းတို့စီးနင်းလာသည့် ဆိုင်ကယ် ၂ စီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရပါသည်။

NUG လက်အောက်ခံ PDF အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် NUG အဖွဲ့ထံမှ ငွေကြေးထောက်ပံ့မှုမရရှိခြင်း၊ NUG အဖွဲ့က တော်လှန်ရေးရန်ပုံငွေအမည်ခံအလှူငွေများကို အလွဲသုံးစားပြုလုပ်ပြီး ပြန်လည်ခွဲဝေပေးမှုမရှိခြင်းတို့ကြောင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုထံမှ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ငွေတောင်းခံခြင်းများပြုလုပ်လာသည့်အပြင် ကြီးမားသောရာဇဝတ်မှုဖြစ်သည့် ဓားပြတိုက်လုယက်မှုများအား ပိုမိုပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့သည့် အမျိုးသား ၂ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၇-၇-၂၀၂၂)**

- **ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲမှ ငွေ ကျပ်သိန်း ၁,၃၅၀ ခန့်အား အမျိုးသား ၂ ဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်ခဲ့။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား ဦးဆောင်သူတရားခံ ၃ ဦးအား ဖမ်းဆီးရမိ

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းများ၌ ကျောင်းတက်ရောက်ခြင်းမပြုလုပ်စေရန်နှင့် အစိုးရ၏ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ NUG အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူမှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြစ်သားမြို့နယ်တွင် ဆူပူဆန္ဒပြမှုများ၌ ဦးဆောင်ပါဝင်ခဲ့သဖြင့် မြစ်သားမြို့မရဲစခန်းက ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅- က ဖြင့် အမှုဖွင့်လှစ်ထားသည့် မြစ်သားမြို့နယ်၊ ကူမဲမြို့နေ တရားခံပြေး ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး)၊ ၃၂ နှစ်ဖြစ်ကြောင်းသိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် ကောင်းသိုက်စိုးအပါအဝင် မြင်းရွာကြီးကျေးရွာနေ သန့်စင်ထိုက် (CDM၊ မူလတန်းပြ) ၂၈ နှစ်နှင့် ကျောက်ဆည်မြို့နယ်နေ ဝင်းဗိုလ်(ခ)ဘိုဘို (CDM၊ မူလတန်း ပြ)၊ ၂၈ နှစ်တို့ ၃ ဦးအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့နယ်၊ လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်းတွင် အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန်၌ ဖမ်းဆီးရမိခဲ့ပါသည်။

တရားခံကောင်းသိုက်စိုး၏ ထွက်ဆိုချက်များအရ-

- NUG ၏ စေခိုင်းမှုဖြင့် Kaung For You Federal Private School Team အား ၂၀၂၂ ခုနှစ်၊ ဧပြီလ(ပထမပတ်)တွင် Online မှတစ်ဆင့် အဖွဲ့ဝင် ၁၂ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် စတင်သင်ကြားပို့ချနိုင်ရေးစီစဉ်ဆောင်ရွက်ထားကြောင်း။
- သင်ကြားပို့ချနိုင်ရန်အတွက် CDM ပြုလုပ်ထားသူ ဆရာ/ဆရာမ ၄၀၀ ဦးခန့်အား ခန့်အပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။
- ကျောင်းတက်ရောက်မည့် ကျောင်းသား/ကျောင်းသူများကိုလည်း ဇွန်လ ၁ ရက်မှစတင်၍ Online မှတစ်ဆင့် တရားမဝင်ကျောင်းအပ်လက်ခံခဲ့ပြီး Online အခြေပြုစာသင်ကြားမှုအတွက် Zoom Application၊ Facebook၊ Telegram ၊ Signal ၊ Gmail ၊ Messenger တို့တွင် Group များဖွဲ့၍ ဆက်သွယ်အသုံးပြုထားကြောင်း။
- Online မှတစ်ဆင့် စာသင်ကြားမည့် CDM ကျောင်းဆရာ/ဆရာမများအတွက် လစာငွေအား ကျောင်းအပ်နှံသူ ကျောင်းသား/ ကျောင်းသူများ၏ မိဘများထံမှ တစ်လလျှင် တစ်ဦးအနည်းဆုံး ၁၀,၀၀၀ ကျပ်နှုန်း ကောက်ခံခဲ့ကြောင်း။
- အဆိုပါကောက်ခံရရှိသည့် ငွေများအား တရားခံကောင်းသိုက်စိုးအပါအဝင် အဖွဲ့ဝင် ၃ ဦးသည် တောင်ကြီးမြို့နှင့် ကလောမြို့များတွင် လောင်းကစားပြုလုပ်ခြင်း၊ ပြည့်တန်ဆာအမျိုးသမီးများနှင့် ပျော်ပါးခြင်း၊ သောက်စားခြင်းများပြုလုပ်ခဲ့ကြကြောင်း။
- ငွေလိုသည့်အခါတိုင်းတွင်လည်း Kaung for You တွင် စာသင်ကြားနေသော CDM ပြုလုပ်ထားသည့် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူ မိဘများထံမှ Online မှတစ်ဆင့် အမည်အမျိုးမျိုး၊ အကြောင့်အမျိုးမျိုး အသုံးပြု၍ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုများပြုလုပ်ခဲ့ပြီး ရရှိလာသောငွေများအား ၎င်းတို့၏ အပျော်အပါးကိစ္စများနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သုံးစွဲခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရပါသည်။

Kaung For You Federal Private School တရားမဝင်စာသင်ကြားမှုအစီအစဉ်တွင်ပါဝင်သည့် ဆရာ/ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများကိုလည်း ဆက်လက်ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး မိဘပြည်သူများအနေဖြင့် မိမိတို့၏ သား/သမီးများအား တရားမဝင်ဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင် ကျောင်းအပ်နှံခြင်း မပြုရန်၊ နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင်သာ ကျောင်းအပ်နှံတက်ရောက်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် တရားမဝင်စာသင်ကြားမှုပြုလုပ်နေသည့် Kaung For You Federal Private School အပါအဝင် အခြားတရားမဝင် စာသင်ကျောင်းများနှင့်ပတ်သက်သည့် သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**(မြဝတီသတင်းစာ ၁၇-၇-၂၀၂၂)**



တရားခံ ကောင်းသိုက်စိုးအား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



တရားခံ သန့်စင်ထိုက်အား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



တရားခံ ဝင်းမိုလ်အား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ

# တရားခံ ကောင်းသိုက်စိုး အပါအဝင် ၃ ဦး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



ကောင်းသိုက်စိုး
(CDM လက်ထောက်မြို့နယ်
ပညာရေးမှူး) ၊ မြစ်သားမြို့နယ်



သန့်စင်ထိုက်(CDM မူလတန်းပြ)၊
အမက(မြင်းရှာကြီး)၊ မြစ်သားမြို့နယ်



ဝင်းဗိုလ်(CDM မူလတန်းပြ)၊ အမက
(ကျားကာ)၊ ကျောက်ဆည်မြို့နယ်

- တရားခံကောင်းသိုက်စိုးအပါအဝင် အဖွဲ့ဝင် ၃ ဦးသည် Kaung for You တွင် စာသင်ကြားနေသော CDM ပြုလုပ်ထားသည့် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူမိဘများထံမှ Online မှတစ်ဆင့် အမည်အမျိုးမျိုး၊ အကောင့်အမျိုးမျိုးအသုံးပြု၍ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုများပြုလုပ်ခဲ့ပြီး ရရှိလာသောငွေများအား ၎င်းတို့၏ အပျော်အပါးကိစ္စများနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သုံးစွဲခြင်းများဆောင်ရွက်ခဲ့။
- ၎င်းတို့ ၃ ဦးအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့နယ်၊ လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်းတွင် အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန်၌ ဖမ်းဆီးရမိခဲ့။
- Kaung For You Federal Private School တရားမဝင် စာသင်ကြားမှုအစီအစဉ်တွင်ပါဝင်သည့် ဆရာ/ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများကိုလည်း ဆက်လက်ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်။